စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

# ငါးနာရီ နှစ်ဆယ်

ပန်းချီ.....ဦးဘကြည်
ဇာတ်လမ်း — သာလင်း

အတွဲ ၁၊ အမှတ် ၄၅၊ ၁-၁၁-၆၉




ပါလေးက ထာဗ္ဗန်းကို နောက်နေပြန်ရာ သာ ဗ္ဗန်းက ရှင်းပြပြီး တိုင်ပင်တော့မှ....
ရဲ စခန်း
ဝင်လာပါ — ဝင်လာပါ —
သဘောတူကြကာ ရဲစခန်းသို့ အမြန်သွားကြပြီး ....
စခန်းမှူးအား ထာဗ္ဗန်းက မနေ့က တယ်လီဖုန်းရုံမှာ ကြားခဲ့ရပုံကို ပြောပြရာ —
ဟုတ်ကဲ့ ဆရာ
ပြောပြောဆိုဆိုနှင့်ပင် ရဲစခန်း စာရေးအား တာဝန်ပေးလိုက်လေသည်။
ရွှေဆိုင်ပိုင်ရှင် လင်မယား ရောက်လာသဖြင့် အမှုအကြောင်း ထပ်မံမေးမြန်းလေရာ —
ရွှေဆိုင်ရှင်များက "ဒီလိုပါ ကျနော်တို့ဆိုင် ပိတ်ပြီး ကြည့်မြင်တိုင် ကမ်းနားလမ်းအတိုင်း ပြန်လာတုန်း ရေခဲစက်နားလဲ ရောက်ရော....



....ဒရိုင်ဘာက လန့်ပြီး ကြောင်တက်တက်နဲ့ ရပ်ပေးလိုက်တယ်။ ဒီအခါမှာ
ဓားမြှောင်ကိုင် လူဆိုးက ကျနော့်ဇနီး ပေါင်ပေါ်တင်ထားတဲ့ စိန်ရွှေသေတ္တာကို အတင်း လုယူပြီး လမ်းတဖက်မှာ ဆိုက်ထားတဲ့ -
စက်စမ်းမောင်း
ဂျစ်ကားပေါ် ပြေးတက်ပြီး မောင်းပြေး တော့တာပဲ။ ကားနံပတ်တော့ ဖတ်လို့ မရဘူး”
၅-နာရီ-မိနစ် ၂၀-ပါဆရာ
တိုင်ချက်ဖွင့်တုန်းက ဘယ်အချိန်ပေးထားသလဲ - F.I.R ကြည့်စမ်း
ပြော၍ဆုံးလျှင် စခန်းမှူးသည် ရဲစာရေးကို လှမ်းမေးလိုက်သည်။
ခင်ဗျားတို့က - ၅-နာရီ မိနစ်-၂၀- ဆိုတာ-ဝါတီ ကျကျ ဘယ်လိုမှတ်မိသလဲ
ကျနော် မမှတ်မိပါဘူး။ ကျနော့်လူ - ဒရိုင်ဘာ က တိုင်ချက်ဖွင့်တုန်းက ပြောတာပဲ....
ထို့နောက် ရွှေဆိုင်ရှင်ကို ထပ်မံစစ်ဆေးပြီး သော်....
မိတ်ဆွေရဲ့ ဒရိုင်ဘာ က ခင်ဗျားတို့နဲ့ တူတူ နေသလား
ဟုတ်ပါတယ်
ကိုင်း - ဟော့ - အဲဒီ ဒရိုင်ဘာ ကို သွားခေါ် ခဲ့စမ်း
ဟုတ်ကဲ့ ဆရာ
စခန်းမှူးသည် ရဲကြပ်တဦးကို လှမ်းပြောလိုက်လေ၏။


မကြာမီ
ရဲကြပ်ကြီးသည် ဒရိုင်ဘာနှင့်အတူ ရောက်လာလေ၏။
သာဒွန်းသည် ဒရိုင်ဘာကို မြင်မြင်ချင်း မနေ့က တယ်လီဖုန်းပြောသူ ဖြစ်နေသည်ကို မှတ်မိ၍ စခန်းမှူးအား လက်ကုတ်ပြီး တိုးတိုးလေး ပြောလေ၏။
ဒီကောင်ကို လက်ထိပ်ခတ်လိုက်
ဒရိုင်ဘာကို ချက်ချင်းပင် လက်ထိပ်ခတ်ရန် အမိန့်ပေးလိုက်လေတော့၏။
ထိုအခါမှ ဒရိုင်ဘာသည် ငိုငိုယိုယိုနှင့် ရှိခိုး တောင်းပန်ပြီး ဝန်ခံလေတော့သည်။
တရားခံများ ဖမ်းမိပြီးနောက် စခန်းမှူးက အမှုပေါ်ပုံကို ရှင်းပြ၍—
ကျေးဇူးတင်ပါတယ် သားသားတို့ရယ်...
အန်တီတို့ ကျေးဇူးဆပ်ပါအုံးမယ်
မိန့်ရွှေဆိုင်ရှင်တို့မှာ အံ့သြပြီး သာဒွန်းတို့ကို ချီးကျူးကြလေသည်။


မောင်လှခင် ၏
ပြုံးချို
တနေ့ ပြုံးချိုတို့သူငယ်ချင်းတစု ကျောင်းသွားစဉ် ---
ကျောင်းမတက်ဘဲမျက်လှဲ့ ဝင်ကြည့်အုံးမယ်
မျက်လှဲ့ဝင်ကြည့်နေ ခဲ့သည်
နောက်တနေ့
ကဲ.ဆရာမမေးတာဖြေနိုင်ရင် လက်ညှိုးထောင်
ဆရာမက မနေ့က သင်ခဲ့သော အကြောင်းအရာ များကိုပြန်၍မေး လေသည်၊ ----
ပြုံးချိုတယောက်ထဲ မဖြေနိုင်ပါလားကွဲ့
သူကျောင်း ပြေးတာကိုးဆရာမ
ပြုံးချိုမဖြေနိုင်၍သူငယ်ချင်းများကဝိုင်းရယ်ကြ၏၊
ငါနောက်ဘယ်တော့မှ ကျောင်းမပြေးတော့ဘူး
ပြုံးချိုလည်းရှက်ပြီးနောက် - ကျောင်းမပြေးရန်ဆုံးဖြတ်လိုက် ၏၊

# စိတ်ကူးယဉ် ပန်းချီပညာ ☆


ကာတွန်း
ဟောင်ဟောင်သက်ထိ




ညိုညို နှင့် ခိုးခိုး
တာဝန်မကြေသူ
ရေဘုံဘိုင်က ရေတွေအလကား ဖြစ်နေတယ် - သွားပိတ်လိုက်အုံး ခိုးခိုးရေ
ဒါဒို့တာဝန် မဟုတ်ဘူး - သူတို့ သုံးပြီးမပိတ်ဘဲ ထားခဲ့ကြတာ
တာဝန်ခံနေသူမှ မဖြစ်ဘူး အလဟဿဖြစ်နေတော့ ပိတ်ထားရမယ်
မင်းဘဲပိတ်နေခဲ့ ငါသွားမယ်
ရေတွေအလဟဿဖြစ် ရုံတင်မက လမ်းသွားလမ်းလာတွေ - အနှောင့်အယှက် ဖြစ်တယ်မဟုတ်လား
ငါနားလည်ပါပြီ
နားလည်တာထက် နောင်ကိုတာဝန်ကျေအောင် လုပ်ဖို့လိုမယ်

ပန်းချီ- ဦးအေးတင်

# ကျွန်ုပ်တို့နိုင်ငံ




ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် နှစ်သိန်း ခြောက်သောင်းကျော် ဖြစ်သည်။

ပင်လယ်ကမ်းရိုးတန်းမှာ မိုင်ပေါင်း တထောင့်နှစ်ရာ ကျော် ရှည်လျားသည်။


မြန်မာနိုင်ငံ၏ မြောက်ဖက်စွန်းမှ တောင်ဖက်စွန်းအထိ မိုင် တထောင့်သုံးရာခန့်ရှိပြီး၊ အရှေ့ဖက်စွန်းမှ အနောက် ဖက်စွန်းအထိ မိုင် ခြောက်ရာခန့်ရှိ၏။




ကျွန်ုပ်တို့နိုင်ငံတွင် လူဦးရေ ၂၇ သန်းခန့်ရှိပြီး တိုင်းရင်းသား လူမျိုးစုများ နေထိုင်လျက်ရှိသည်။




လူဦးရေ၏ ငါးပုံလျှင် လေးပုံသည် စိုက်ပျိုးရေးဖြင့် အသက်မွေးကြသည်။





ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ကြက်ပေါင်စေး၊ ဂုံလျှော် စသည်တို့ကို စိုက်ပျိုးသည်။




ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း စသည်များ ပေါက်၍ သစ်အများအပြားထွက်၏။




ရေနံလည်း ထွက်သည်။




ဓာတ်သတ္တုနှင့် ကျောက်မျက်ရတနာများလည်း ထွက်သည်။



ဆန်စပါး၊ ကျွန်းသစ်၊ ဓာတ်သတ္တုနှင့် ကျောက်မျက်ရတနာများကို နှစ်စဉ် နိုင်ငံခြားသို့ အများအပြား တင်ပို့ ရောင်းချရလေသည်။



ကျွန်ုပ်တို့ နိုင်ငံသည် ရာသီဥတုနှင့် မြေဩဇာ ကောင်းမွန်၍ သာယာဝပြောသည့်အပြင် သဘာဝ ပစ္စည်းများ ပေါများခြင်းကြောင့် ကြွယ်ဝသော နိုင်ငံဖြစ်သဖြင့် ကျွန်ုပ်တို့နိုင်ငံကို ချစ်မြတ်နိုးပြီး နိုင်ငံ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက် ကြရပေမည်။


# လမ်းလွှဲလိုက်သော လင်းနို့ကလေး

ရေး - တင်ထွန်း (ဗေဒအကျော်ဟတ်)
သရုပ်ဖော် - မောင်မောင်သက်




ကျနော်လဲငှက်မျိုးဖြစ်ပါတယ်
အတောင်ပံတွေရှိပြီး လေထဲမှာပျံ
သန်းနိုင်ပါတယ်၊
ငှက်များဖက်သို့သွားပြီး ....
ငှက်များဖက်မှ ကူ၍ ကုန်းသတ္တဝါများကို တိုက်ခိုက်လေသည်။
ကုန်းသတ္တဝါဖက်မှ စစ်နိုင်မည့် အခြေအနေသို့ ရောက်သောအခါ –
အေး ငှက်မျိုး မဟုတ်လား၊
မဟုတ်ပါဘူး ကုန်းသတ္တဝါပါ၊
လင်းနို့ကလေးသည် ငှက်များဖက်မှ ကုန်းသတ္တဝါဖက်သို့ ကူးသွားပြန်သည်။
ကျနော်ဟာကြွက်နဲ့တပုံစံထဲဘဲ
အမွေးအမှင်တွေနဲ့ ချွန်ထက်တဲ့
သွားတွေလဲရှိပါတယ်၊
လင်းနို့ကလေးကို လက်ခံလိုက်သည်။
အချင်းချင်းစည်းလုံးညီညွတ်မှုမရှိ
ယင်ပြင်ပရန်သူတွေအလွယ်တကူ
ဝင်လာမှာစိုးရပါတယ်၊
စစ်ပွဲတွင် ယုန်ပညာရှိ ရောက်လာပြီး ....


ဒါကြောင့်စစ်ပြေငြိမ်းဘို့ ကျနော်အကြံပေးလိုပါတယ်
သို့ဖြင့် ငှက်များနှင့် ကုန်းသတ္တဝါများ စစ်ပြေငြိမ်းကာ ယခင်ကကဲ့သို့ အေးချမ်းစွာ အတူနေထိုင်ကြသည်။
လင်းနို့ကလေးသည် ငှက်များဖက်သို့ ကူးပြောင်းသွားပြန်သည်။
မင်းဟာအချောင်သမားဘဲ ဒို့အလို မရှိဘူး၊ မင်းရဲ့ကုန်းသတ္တဝါတွေ ဖက်ပြန်သွားပါ-
မင်းဟာဖေါက်ပြန်ရေးသမား သာယာပေါင်းပြီးတကိုယ်ကောင်း ကြံတဲ့အကောင် ---
တဖန် ကုန်းသတ္တဝါများဖက်သို့ ပြန်လာရာ
-- မင်းကိုဒို့အလိုမရှိဘူးဒီကအမြန်ထွက်သွား
ဤတွင် လင်းနို့ကလေးကို မည်သူကမျှ အပေါင်းအသင်းမလုပ် ကြတော့ချေ။ ထိုအခါမှစ၍ -
လင်းနို့ကလေးသည် ညအချိန် ကျမှသာ အဖော်မဲ့စွာ အပြင်သို့ ထွက်လာရတော့သည်။



# အိုလံပစ်

ကျော်ညွန့်မိုး

'အိုလံပစ်' ဟူသော အင်္ဂလိပ် စကားသည် 'အိုလံပီယက်' ခေါ် ဂရိ စကားမှ ဆင်းသက် လာသည်။


အိုလံပစ်၏ မူလ စတင်ပေါ်ပေါက်ပုံကို ဂရိ ရှေးဟောင်း ဒဏ္ဍာရီများတွင် အမျိုးမျိုးရေးသားဖော်ပြထား၏။ တခါသော် အိုလံပီယာ တောင်ကြား လွင်ပြင်တွင် စစ် အောင် ပွဲ သဘင် ဆင်ယင် ကျင်းပသည်။ ထိုပွဲ၌ လူသန်ကြီး ဟာကျူလီကချည်း အနိုင်ရ၏။ နောက်ဆုံးတွင် လူစိမ်းတယောက်နှင့်နပမ်းလုံးရာ၌ အရှုံးအနိုင် မပေါ်ပဲ ဖြစ်နေ၏။ ထိုလူစိမ်းက သူသည် အခြားမဟုတ် 'ဇု' အမည်ရှိ နတ်ဘုရားဖြစ်ကြောင်း ထုတ်ဖော်လိုက်သည်။ သို့ဖြင့် ဂရိလူမျိုးတို့သည် နတ်ဘုရားအား ပူဇော်သောအားဖြင့် အိုလံပီယာတွင် လေးနှစ်တကြိမ် စုရုံး ယှဉ်ပြိုင်ကြရန် ဆုံးဖြတ်ခဲ့လေသည်။

ဂရိတို့၏ အိုလံပစ်ပြိုင်ပွဲများ၌အနိုင်ရရှိသူအား ချီးမြှင့်သောဆုမှာ သံလွင်ရွက်ခွေ ဖြစ်၏။

ခေတ်သစ် အိုလံပစ်ပြိုင်ပွဲများကို ၁၈၉၆ ခုနှစ်တွင် ဂရိပြည် အေသင်မြို့ဟောင်း တနေရာမှ စတင်၍ကျင်းပခဲ့ကြသည်။ ပွဲကို ပြန်လည် ဖော်ထုတ်သူမှာ 'ရှန်ပီရီဒီကူဗာတင်' ဆိုသူ ဖြစ်၏။ ရည်ရွယ်ချက်မှာ တနိုင်ငံနှင့် တနိုင်ငံ ရင်းနှီးချစ်ခင်စေရန်ဖြစ်၏။ ဂရိတို့သည် မိမိတို့ အချင်းချင်း စစ်ခင်း သတ်ဖြတ်နေကြသည့်တိုင်အောင် အိုလံပစ်ပွဲတော် အချိန် ကျရောက်လျှင် ညီရင်းအစ်ကို ပမာဖြင့် ဝင်ရောက် ယှဉ်ပြိုင်လေ့ ရှိခဲ့ကြသည်။


ပြီးခဲ့သော ၁၉ ကြိမ်မြောက် အိုလံပစ် ပွဲတော်ကို မက္ကဆီကိုပြည်၏ မြို့တော်တွင် ကျင်းပခဲ့၍ အကြိမ် ၂၀ မြောက် ပွဲတော်ကို အနောက် ဂျာမနီ မျူးနစ် မြို့တွင် ပြုလုပ်ရန် သတ်မှတ် လေသည်။

## အိတ်စရေးမျက်မှန်



# အောင်ပွဲ

မောင်မြတ်မင်း



ကြူကြူနှင့် ဆွေဆွေတို့သည် အလွန်ချစ်ခင်သော သူငယ်ချင်းဖြစ်ကြသည်။ တကျောင်းတည်းတွင် အတန်းတူ စာသင်နေကြသူများလည်း ဖြစ်၏။

ကြူကြူသည် ကျောင်းစာကိုလည်း ကြိုးစား၏။ အားကစား ဖက်တွင်လည်း စိတ်အားထက်သန်၏။

ဆွေဆွေကမူ စာကိုသာကြိုးစား၏။ ကျောင်းသူ ကျောင်းသားတိုင်းသည် စာကိုသာ ကြိုးစားရမည်၊ အားကစားကို လိုက်စားခြင်းသည် ကျောင်းစာကို လစ်ဟင်းစေသည်ဟု ယုံကြည်၏။

သူတို့ကျောင်းတွင် အားကစား အသင်းအဖွဲ့များ ဖွဲ့ကြ၏။ ကြူကြူ သည် ဘော်လီဘော အသင်းတွင် ပါဝင်သည်။ ဆွေဆွေ ကိုလည်း ပါဝင်ရန် တိုက်တွန်းရာ ဆွေဆွေကအပြစ်ဆို၏။

“ကြူကြူရာ ဘော်လီဘော ကစားတယ်ဆိုတာ မိန်းကလေးတွေ အလုပ် မဟုတ်ပါဘူး၊ ယောကျ်ားလေးတွေ ကစားတဲ့ အားကစားပါကွာ”

“မဟုတ်သေးဘူး ဆွေဆွေ၊ ခုလိုအချိန်မျိုးမှာ မိန်းကလေးရယ်၊ယောကျ်ား ကလေးရယ်ဆိုပြီး ခွဲခြားနေယင် မင်းမှားမှာပေါ့။ ဘော်လီဘောကို မိန်းကလေးတွေ မကစားရဘူးလို့ စည်းကမ်းကန့်သတ်ချက် မရှိပါဘူး။ လူတိုင်း ကစားနိုင်ပါတယ်ကွ။”

“အေးလေ ဘယ်လိုဘဲဖြစ်ဖြစ် ကိုယ်တော့ စိတ်မပါဘူး။ အားလဲမပေးချင်ဘူး။ မင်းခုလို ကစားနေတော့ကော ဘာအကျိုးရှိမှာလဲ၊ လက်နာချံပေါ့။ ကျောင်းစာလဲ ပျက်တယ်၊ ကစားနေလို့ စာမေးပွဲအောင်မှာ မဟုတ်ဘူးကွ”

“မင်း မှားနေပြီ ဆွေဆွေ၊ အားကစားကို လိုက်စား လို့ ကျောင်းစာ မလစ်ဟင်းပါဘူးကွာ။ ကစားချိန်မှာ ကစားပြီး စာကျက်ချိန်မှာ စာကျက်မှာပေါ့။ နောက်ပြီး မင်းကလက်သဲရှည်ထားပြီး ကိုယ့်ကိုယ်ကိုအလှပြင်နေတာမှ မိန်းကလေး ပီသတယ်လို့ ဆိုမလား။ တိုးတက်နေတဲ့ တိုင်းပြည် တွေမှာ ဆိုယင် မိန်းကလေးတွေဟာယောကျ်ားလေးတွေနဲ့ ရင်ဘောင်တန်းပြီး အားကစားကို လိုက်စားနေကြတာ မင်းကြားဘူးမှာပေါ့။အေးလေ၊ မင်းစိတ်မပါတာကိုတော့ အတင်း မတိုက်တွန်း လိုပါဘူး။ ကိုယ်ကတော့ တနေ့မှာ ထိပ်တန်း အားကစားသမား တယောက် ဖြစ်လာအောင် ကြိုးစားမှာဘဲ”

ဆွေဆွေ သည် ကြူကြူ၏ အယူအဆများကို လက်မခံလိုပေ။

× × ×

“ဟေ့ ဆွေဆွေ၊ ကိုယ်တို့လာမဲ့ တနင်္လာနေ့က စပြီး ကျောင်းပေါင်းစုံ ဘောလီဘောပွဲကစားရတော့မယ် လိုက်ကြည့်ပါလား”

ဤသို့ ကြူကြူ က သတင်းကောင်းကို ဆောင်ယူလာ၏။

ကြူကြူတို့ ယှဉ်ပြိုင်ရသော နေ့တွင် ဆွေဆွေ သည်လည်း အားပေးရန် အခြားကျောင်းသူ ကျောင်းသား များ နှင့် အတူ လိုက်ပါလာခဲ့၏။

ကြူကြူ တို့ ကျောင်း သည် ကျောင်းပေါင်းစုံ ဘော်လီဘော ပြိုင်ပွဲတွင် ပထမဆုကို ရရှိခဲ့၏။ ကျောင်းသူ ကျောင်းသားများ သည် ကြူကြူ၏ ကြိုးစား ကစားမှု၊ ထူးချွန်စွာ ကစားနိုင်မှု, တို့ကို ချီးကျူးကြ၏။ ဆွေဆွေ လည်း တယောက် အပါအဝင် ဖြစ်၏။

"ကဲ သူငယ်ချင်း စာလဲကြိုး စားအုံး။ စာမေးပွဲက နီးလာပြီ။ ကစားနေလို့ စာမေးပွဲကအောင် မှာ မဟုတ်ဘူး"

"စိတ်ချပါ သူငယ်ချင်းရာ၊ ကိုယ် ကျောင်း စာ တွေ ကို လဲ လက်လွှတ်မခံပါဘူးကွ"

စာမေးပွဲ အောင် စာ ရင်း များ ထွက်လာသည့် အခါတွင် ဆွေဆွေသည် တဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သကဲ့သို့ ကြူကြူ သည်လည်း တဘာသာ ဂုဏ်ထူးဖြင့် အောင်မြင် ခဲ့ပေသည်။ စာမေးပွဲ အောင်စာရင်း များထွက်ပြီး နောက် နေ့ တွင် ကြူကြူသည် ဆွေဆွေ၏ အိမ်သို့ ရောက်လာ၏။

"သူငယ်ချင်း နေကောင်း တယ်နော်။ မင်းစာသိပ်ကြိုးစား လိုက်ရလို့ထင်တယ် နုန့်ပိန်သွား တယ်"

"အေးကွ၊ မင်းကတော့ အ ရင်လို ပါဘဲလား"

"မင်းကို ကိုယ် ပြောစရာ ရှိလို့လာခဲ့တာ ဆွေဆွေ။ မင်း ကိုယ့်ကို တချိန်က ပြောခဲ့တာ မှတ်မိရဲ့လား။ အားကစားကို လိုက်စားယင် ကျောင်းစာ လစ် ဟင်းတယ် ဆိုတာလေ။ ခုကိုယ် လဲ မင်းလိုဘဲ အောင်ခဲ့တာပါဘဲ ကွာ။ အမှန်တော့ ကျောင်းသား ဆိုတာ စာကြိုးစားရမှာကိုတော့ ကိုယ်လက်ခံပါတယ်။ ဒါပေမဲ့ ကိုယ် လက် ကြံ့ ခိုင် မှု အ တွက် အားကစား တခုခုကိုတော့လိုက် စားသင့်တယ်လေ။ ခုမင်းက ပိန် သွားပေမဲ့ ကိုယ်ကတော့ အရင် လိုဘဲ စိုပြေနေတယ်။ ဒါဟာ အားကစားရဲ့ အကျိုးပေါ့။ မင်း ကို ဝမ်းသာစရာတခု ပြောရအုံး မယ်။ ကိုယ်လေ ကျောင်းပေါင်း စုံ တိုင်းနှင့် ပြည်နယ်ပွဲမှာ ပါ ဝင် ယှဉ်ပြိုင်ကစားဖို့ အရွေးခံ ထားရတယ်ကွ"

ကြူကြူသည် ပြောလိုသည် များကို မမောမပန်းပြောဆိုပြီး ပြန်သွားပါသည်။ ဆွေ ဆွေ သည် တဦးတည်းတွေးတောရင်း အားကစားဟူသည် မိန်းကလေး ယောကျ်ားလေး ဟူ၍ ခွဲခြားမှု မရှိ၊ ကျောင်းစာ တခုတည်းကို သာ လိုက်စားနေရုံမျှနှင့် မပြီး သေး၊ ကိုယ်လက် ကြံ့ခိုင်မှု အ တွက် အားကစား လိုက်စား သင့်သည်ကို နားလည် သဘော ပေါက်လာသည်။

## ကျီးကလေး မဲတူတူ

ကျီးကလေး မဲတူတူ၊
ဗျိုင်းကလေး ဖြူဖြူ။

ဗျိုင်းလိုဖြူအောင် ကျီးကလေး၊
နေ့စဉ် ရေချိုးပေး။


အဖေအမိလို မကျန်းမာ၊
အား အား အော်မြည်ရှာ။


မတူတာကို တုမိမှား၊
ရှက်ဖွယ် မကောင်းလား။ ။

အောင်စည်



R. 517








# ခြင်္သေ့


ခြင်္သေ့သည် မြန်မာ့ ယဉ်ကျေးမှု လောကတွင် အလွန်ထင်ရှား၏။ မြန်မာ စာပေလောကနှင့် လည်း များစွာ ကျွမ်းဝင် ပွန်းတီးသည်ဟု ဆိုနိုင်ပေသည်။ မြန်မာ တိုင်းရင်းသားတို့သည် ခြင်္သေ့ကို ရဲရင့်ခြင်း အထိမ်းအမှတ်အဖြစ် အထွတ်အမြတ်ထား၍ ဖော်ပြကြ၏။ ရှေး မြန်မာမင်းများ လက်ထက်က ခြင်္သေ့ရုပ်ခံ၍ ပြုလုပ်စီမံထားသော ပလ္လင်ရှိခဲ့၍ ထိုပလ္လင်ကို သီဟာသနပလ္လင်ဟု ခေါ်၏။ တန်ခိုးကြီး ဘုရား စေတီ အချို့နှင့် လွတ်လပ်ရေး ကျောက်တိုင် အချို့၏ အဝင်ဝ များတွင် ခြင်္သေ့ရုပ်ကြီးများကို ထုလုပ်ထားကြ၏။ ပြည်ထောင်စု မြန်မာနိုင်ငံတော် တံဆိပ်နှင့် ယခင်ခေတ်က ဘွဲ့တံဆိပ် အချို့တွင် ခြင်္သေ့ရုပ်များကို ထည့်သွင်း ဖော်ပြကြ၏။ မြန်မာ့ ယွန်းထည်များ၊ ငွေစက္ကူများနှင့် ပိုက်ဆံစေ့ များတွင်လည်း ခြင်္သေ့ရုပ်များကို ရေးခြယ် ထွင်းထု ထားကြ၏။ ကေသရာဇာ ဟူသော ခြင်္သေ့မင်းသည် အလွန် ရဲရင့်သည်ဟု ရှေးမြန်မာစာပေ ဂန္ထဝင်တွင် ဖော်ပြရေးသားထားပေသည်။

ဝါဝါအောင်









အရှော့တောင်



ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/